# Women’s Peace Network

**ရိုဟင်ဂျာလူမျိုးတုန်းသတ်ဖြတ်ခံရမှု အောက်မေ့ဘွယ်နေ့ ကြေညာချက် | ဩဂုတ်လ ၂၅ရက်၊ ၂၀၂၃။**

ယနေ့ကျရောက်သည့် ရိုဟင်ဂျာလူမျိုးတုန်းသတ်ဖြတ်ခံရမှု အောက်မေ့ဘယ်နေ့တွင် မိမိတို့ Women’s Peace Network သည် ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာလူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်ခံခဲ့ရသူများအတွက် အောက်မေ့ပါကြောင်းနှင့် မြန်မာပြည်တွင် ပြစ်ဒဏ်မှကင်းလွတ်နေမှုပုံစံမျိုးစုံအား အဆုံးသတ်ရန်၊ တာဝန်ခံစေရေးနှင့် တရားမျှတမှုအတွက် တောင်းဆိုပါသည်။

လွန်ခဲ့သော၆နှစ်၌ မြန်မာစစ်တပ်သည် ရခိုင်ပြည်နယ်တွင် “နယ်မြေရှင်းလင်းရေး” အမည်ခံကာ သိန်းနှင့်ချီသော ရိုဟင်ဂျာများကို သတ်ဖြတ်ခြင်း၊ အဓမ္မဖမ်းဆီးခြင်း နှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကျူးလွန်ခဲ့ပါသည်။ သို့သာမက ရွာပေါင်း ၃၀၀ကျော်ကို မီးရှို့ဖျက်ဆီးခြင်းနှင့် ၇၀၀,၀၀၀ ကျော်သော ရိုဟင်ဂျာများကို မိမိတို့နေအိမ်မှ ထွက်ပြေးစေရန် ပြုလုပ်ခဲ့ပါသည်။ ရိုဟင်ဂျာများအပေါ် တိုက်ခိုက်မှုများသည် အစိုးရကိုယ်တိုင်ကျူးလွန်သည့် အကြမ်းဖက်မှုကြီးဖြစ်ပြီး ဆယ်စုနှစ်များစွာကြာ ပစ်မှတ်ထား၍ စနစ်တကျကျူးလွန်မှုဖြစ်သည်။

ခြောက်နှစ်ကြာပြီးနောက် ယနေ့တိုင်အထိလည်း တိုင်းရင်းသားရိုဟင်ဂျာများသည် အန္တရာယ်အရှိဆုံးအခြေအနေသို့ ရောက်ရှိနေသည်။

ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့် အခြားသော တရားဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုများအရ ၂၀၁၇လူမျိုးတုန်းသတ်ဖြတ်မှုကို ကျူးလွန်ခဲ့ပြီး ၂နှစ်အရင်က အာဏာသိမ်းခဲ့သော မြန်မာစစ်တပ်သည် ယခုအခါတွင် တစ်နိုင်ငံလုံးအနှံ့၌ စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုကိုဆန့်ကျင်သည့် ရာဇဝတ်မှုတို့ ကျူးလွန်နေပြီ ဖြစ်ပါသည်။ မြန်မာစစ်တပ်သည် အမိုးပွင့်စခန်းများအတွင်း နေထိုင်နေကြရသည့် ရိုဟင်ဂျာ ၁၄၀,၀၀၀ အပါအဝင် နိုင်ငံတွင်းကျန်ရှိနေသည့် ရိုဟင်ဂျာခြောက်သိန်းအပေါ် သွားလာမှုကန့်သတ်ခြင်းနှင့် အခြေခံအခွင့်အရေးများကို ကန့်သတ်သည့် အမိန့်များ ထုတ်ပြန်ကာ ကျင့်သုံးလျက်ရှိသည်။

# Women's Peace Network

---

လွန်ခဲ့သည့် ၂နှစ်အတွင်း ထိုကန့်သတ်မိန့်များကို ထုတ်ပြန်ကာ ရိုဟင်ဂျာ ၃၁၀၀ ကျော်အား အဓမ္မဖမ်းဆီးချုပ်နှောင်ခဲ့သည်။ ရခိုင်ပြည်နယ်တွင် ၂၀၂၃ခုနှစ် မေလက ကျရောက်ခဲ့သည် ဆိုင်ကလုန်းမိုခါမုန်တိုင်းကြောင့် နိုင်ငံတကာ၏ ထောက်ပံ့မှုများကို ကန့်သတ်ကာ ရိုဟင်ဂျာများအား သီးသန့်ခွဲထားသည့်ပုံစံကို ကျင့်သုံးလျက်ရှိသည်။

အရှေ့တောင်အာရှ နှင့် အာရှတစ်ခွင်ရှိ တစ်သန်းကျော်သော ရိုဟင်ဂျာများသည် အခြေခံအခွင့်အရေးများ၊ စားဝတ်နေရေး နှင့် လုံခြုံမှုရရှိခြင်းတို့မှ ငြင်းပယ်ခံထားရသည်။ မလေးရှားနှင့် အိန္ဒိယတို့တွင်လည်း မြန်မာပြည်ကို အဓမ္မပြန်ပို့ခံရမည့်အန္တရာယ်တို့ဖြင့် ရင်ဆိုင်နေရသည့်။ ဘင်္ဂလားဒေ့ရှ်တွင်လည်း တစ်သန်းနီးပါးရှိရိုဟင်ဂျာများသည် အစားအသောက်ပြတ်လပ်၍ ငတ်မွတ်သေဆုံးရမည့် အခြေအနေသို့ တွန်းပို့ခံနေရသည်။ ရိုဟင်ဂျာအမျိုးသမီးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်း ကလေးငယ်များအဓမ္မလက်ထပ်ထိမ်းမြားခံရခြင်း၊ လက်နက်ပိုင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အုပ်စုဖွဲ့စော်ကားခြင်းများကို ရင်ဆိုင်နေကြရသည်။ မြန်မာစစ်တပ်၏ "ပြန်လည်နေရာချထားရေး ရှေ့ပြေးစီမံကိန်း" အမည်ခံထားသည် အစီအစဉ်သည် ရိုဟင်ဂျာများကို မိမိတို့၏ မွေးရပ်ဇာတိ ရခိုင်ပြည်နယ်တွင် အဓမ္မလုပ်အားပေးခိုင်းခံရခြင်းနှင့် စခန်းတွင်းပိတ်မိနေစေရန် အန္တရာယ်သို့ ပို့ဆောင်ခြင်းပင် ဖြစ်ပါသည်။ ရလဒ်အနေဖြင့် လူမျိုးတုန်းသတ်ဖြတ်မှု ခံထားရသည့် ရိုဟင်ဂျာများသည် ရွေးချယ်စရာလမ်းမရှိတော့ဘဲ လူကုန်ကူးခံရမှု၊ အဓမ္မပြုကျင့်ခံရမှုနှင့် အခြားသော အနိုင်ကျင့်မှုများကို ရင်ဆိုင်ရန်သာ ရှိတော့သည်။

ထို့ကြောင့် ၂၀၁၇ လူမျိုးတုန်းသတ်ဖြတ်မှုသည် ၆နှစ်ကြာလာခဲ့ပြီး နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အရေးယူလုပ်ဆောင်ရန် အချိန်တန်နှင့်ပြီဖြစ်သည်။ နိုင်ငံများအနေဖြင့် တရားမျှတမှုယန္တယားများကို ထောက်ခံခြင်း၊ မြန်မာပြည်အခြေအနေကို ICC သို့လွှဲပြောင်းပေးခြင်းနှင့် မြန်မာစစ်တပ်အား ၎င်းတို့ကျူးလွန်ခဲ့သည့် နိုင်ငံတကာရာဇဝတ်မှုများအတွက် အပြည်ပြည်ဆိုင်ရာ တရားရေးစနစ်များသို့ တင်ပို့ခြင်းများ ပြုလုပ်သင့်ပေသည်။ အစိုးရများသည် မြန်မာစစ်တပ်အား စီးပွားရေးအရ ပစ်မှတ်ထားပိတ်ဆို့ခြင်းနှင့် လေယာဉ်လောင်စာဆီပိတ်ပင်ခြင်းများကို

ချမှတ်လုပ်ဆောင်သင့်ပေသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြန်မာပြည်အခြေအနေအား ICCသို့ လွှဲပြောင်းခြင်းအပါအဝင်၊ ဒေသတွင်းနှင့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးရရှိပြီး လူ့အခွင့်အရေးချိုးဖောက်မှု အဆုံးသတ်ရန် အလို့ဌာ ဆုံးဖြတ်ချက်အမှတ် ၂၆၆၉(၂၀၂၂) အပိုဒ်၇ပါ လုပ်ပိုင်ခွင့်အား အရေးပေါ် ကျင့်သုံးရမည် ဖြစ်ပါသည်။

နိုင်ငံတကာနှင့် မြန်မာမှ ဦးဆောင်လုပ်ကိုင်နေသူများအားလုံးအနေဖြင့် တိုင်းရင်းသားရိုဟင်ဂျာများ အထူးသဖြင့် အမျိုးသမီး၊ လူငယ်နှင့် အခြားသော ဖယ်ကျဥ်ခံလူ့အဖွဲ့အစည်းများ၏ အသံကို လေးနက်စွာ လေးစားရန် မိမိတို့ တိုက်တွန်းပါသည်။ ရိုဟင်ဂျာများအား ၎င်းတို့နှင့်သက်ဆိုင်နေသည့် ကိစ္စရပ်တိုင်းအတွက် အနာဂတ်ပြည်သူများအဖြစ် တိုင်ပင်ဆွေးနွေးရမည်ဖြစ်သည်။ ဤအကြောင်းအရာတွင် ဦးဆောင်နေသူများ အားလုံးသည် ရိုဟင်ဂျာများနှင့် ၎င်းတို့၏အရပ်ဘက်အဖွဲ့အစည်းများအား ပစ္စည်းကိရိယာနှင့် ငွေကြေးထောက်ပံ့မှုများ ပေးအပ်ခြင်း၊ ရိုဟင်ဂျားအပေါ် လူမျိုးတုန်းသတ်ဖြတ်မှု ဖြစ်ပွားလျက်ရှိသည်ကို အသိအမှတ်ပြုခြင်း၊ ရိုဟင်ဂျာများကို မြန်မာပြည်၏ တိုင်းရင်းသားလူနည်းစုဘာသာဝင်များအဖြစ် အသိအမှတ်ပြုခြင်း၊ ၎င်းတို့၏ မြေယာပိုင်ဆိုင်မှုနှင့် ရိုဟင်ဂျာများကို ကိုယ်စားပြုခွင့် အသိအမှတ်ပြုခြင်း အထူးသဖြင့် အမျိုးသမီးများကို ဆုံးဖြတ်ချက်ချမှတ်မှုအပိုင်းတွင် ပါဝင်စေခြင်းတို့ ပြုလုပ်ရမည်ဖြစ်သည်။ ရိုဟင်ဂျာများအတွက် ရေရှည်တည်မြဲသည့် ဖြေရှင်းနည်းမှာ ၎င်းတို့ကိုဗဟိုပြုခြင်း၊ ၎င်းတို့၏ လိုအပ်ချက်များ၊ မျှော်လင့်ချက်များနှင့် ၎င်းတို့လိုလားသည့်တရားမျှတမှုအပေါ် အပြည့်အဝ ဗဟိုပြုခြင်းပင် ဖြစ်ပါသည်။

၂၀၁၇လူမျိုးတုန်းသတ်ဖြတ်မှုပြီးနောက် ၆နှစ်အကြာတွင် ကမ္ဘာကြီးအနေဖြင့် ရိုဟင်ဂျာများအတွက် တရားမျှတမှု ပြည့်ပြည့်ဝဝရရှိရေး နှင့် မိမိဆန္ဒဖြင့် လုံခြုံစွာ၊ သိက္ခာရှိစွာနှင့် တည်မြဲစွာ နေရပ်ပြန်နိုင်ရန် လုပ်ဆောင်ရမည့် အချိန်ကျရောက်နေပြီ ဖြစ်ပါသည်။